ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး**

ဒုတိယနေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁ ရက်**

**( ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက် )**

**[ အင်္ဂါနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## **အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၂.၉၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် အဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ ၁၅-၅-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့် ညှိနှိုင်းအစည်းအဝေးတက်ရောက်ရန်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်အပ်နှံပွဲ အခမ်းအနားတက်ရောက်ရန်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကျန်းမာရေး။ ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ကျန်းမာရေး။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်ကျော်ကျော်ဦး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးညီညီထွေး(ခ)ဦးကိုကိုလေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေးတို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၅)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၁၃)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၅)ဦး၊ ယနေ့ ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ(၁၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ သီဖူလ်းကျေးရွာအုပ်စု ဟိုင်ရွှန်းကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်းကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငွန်ဟေး က ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ သီဖူလ်းကျေးရွာအုပ်စု ဟိုင်ရွှန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးငွန်ဟေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးငွန်ဟေး ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဟားခါးမြို့နယ်၊ သီဖူလ်းကျေးရွာအုပ်စု၊ ဟိုင်ရွှန်းကျေးရွာတွင် တည်ရှိသော အခြေခံပညာမူလတန်းကျောင်းသည် ၂၀၀၄ ခုနှစ်တွင် ကိုယ်ထူကိုယ်ထဖြင့် ဒေသခံသစ်များကို အသုံးပြု၍ ဆောက်လုပ်ခဲ့တာ ဖြစ်ပါတယ်။ ယခုအခါတွင် နှစ်တွေကြာမြင့်သည့်အပြင် ချင်းတောင်တန်းရဲ့ ပြင်းထန်တဲ့ ရာသီဥတုဒဏ်တွေကြောင့် အောက်ခြေများ ဆွေးမြေ့ခြစားခြင်း၊ အမိုးရော၊ အကာရော၊ အခင်းပါ ဆွေးမြေ့ပျက်စီးနေခြင်းတို့ကြောင့် ကလေးများအတွက် အန္တရာယ်ရှိကာ စာသင်ရန်မလုံခြုံတော့ဘဲ မိဘပြည်သူများ ရင်တထိတ်ထိတ်ဖြင့် ၎င်းတို့၏ သားသမီးများကို နေ့စဉ်နှင့်အမျှ ဘုရားတရင်း ကျောင်းသို့ စေလွှတ်ကြရပါတယ်။

ထို့ကြောင့် စိတ်ချမ်းသာစွာ စာသင်နိုင်သော ကျောင်းတစ်ခု၏ အင်္ဂါရပ်နှင့် ညီညွတ်သော သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းကျောင်း ဆောက်လုပ်ပေးမည်ဆိုပါက မိဘပြည်သူများလည်း စိတ်ချမ်းသာမှာဖြစ်ပြီး ကျောင်းသူ၊ ကျောင်းသားများအနေဖြင့်လည်း ပညာရေးကို ထိရောက်စွာသင်ယူနိုင်ရန် အလို့ငှာ ကျောင်းဆောင်တစ်ခုကို ယခုကဲ့သို့ တောင်းခံရခြင်း ဖြစ်ပါတယ်။ Power Point ကို အသုံးပြုခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ဟုတ်ကဲ့။ ၎င်းအပြင် သက်ဆိုင်ရာဌာန၏ စိစစ်ထောက်ခံချက်များကိုလည်း ဝန်ကြီးဌာနကို ကျွန်တော်ပူးတွဲ တင်ထားပြီ ဖြစ်ပါတယ်။

ဒါကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ သီဖူလ်းကျေးရွာအုပ်စု၊ ဟိုင်ရွှန်းကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း၊ ကျောင်းအိုကျောင်းဟောင်း အဆောင်အား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် အသစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဟိုင်ရောန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၏ မြင်ကွင်းပုံ (ခ)




ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဟိုင်ရောန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၏ မြင်ကွင်းပုံ (ခ-၁)



ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဟိုင်ရောန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၏ မြင်ကွင်းပုံ (ခ-၂)



**မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ ဧရာဆောင်၊ စစ်တောင်းဆောင်၊ သံလွင်ကျောင်းဆောင်များ၏ ပျက်စီးယိုယွင်းနေသော နေရာများကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ပြုပြင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေး က မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ ဧရာဆောင်၊ စစ်တောင်းဆောင်၊ သံလွင်ကျောင်းဆောင်များ၏ ပျက်စီးယိုယွင်းနေသော နေရာများကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ပြုပြင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန်းသန်းအေး ဖြစ်ပါတယ်။

ဒီနေ့ ကျွန်မ မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းဆောင်များဖြစ်သော ဧရာဆောင်၊ စစ်တောင်းဆောင်၊ သံလွင်ဆောင်များတွင် အစိတ်အပိုင်းတချို့ ပျက်စီးယိုယွင်းနေသော နေရာများ

အား အကြီးစားပြင်ဆင်ရန်အတွက် ၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ပြုပြင် တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်ရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ အထက်ပါ သရက်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှာ အင်္ဂလိပ်မင်းလက်ထက်ကတည်းက တည်ဆောက်ခဲ့တဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ သရက်မြို့ ပြည်တော်အေးရပ်ကွက်၊ မင်းတုန်းလမ်းမြောက်ဘက်တွင် တည်ရှိပြီး ကျောင်းဆောင်များဖြစ်သော ဧရာဆောင်၊ စစ်တောင်းဆောင်၊ သံလွင်ဆောင်တို့ကို စတင်တည်ဆောက်ခဲ့သည့်နှစ်မှာ ဧရာဆောင်နှင့် စစ်တောင်းဆောင်ကို ၁၉၂၄ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီး ဧရာဆောင်မှာ အလျား(၂၃၆)ပေ၊ အနံ(၃၄)ပေ၊ အမြင့်(၃၆)ပေရှိပြီး အခန်း(၁၂)ခန်းပါရှိ၍ ကျောင်းဆောင်အမျိုးအစားမှာ RC(၂)ထပ်ဆောင် ဖြစ်ပါတယ်။ စစ်တောင်းဆောင်မှာ အလျား(၁၄၈)ပေ၊ အနံ(၃၄)ပေ၊ အမြင့်(၃၆)ပေ၊ အခန်း(၁၂)ခန်း၊ RC(၂)ထပ်ဆောင် ဖြစ်ပါတယ်။ သံလွင်ဆောင်ကတော့ ၁၉၅၄ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီး အလျား(၁၅၀)၊ အနံ(၆၀)၊ အမြင့်(၃၀)၊ သွပ်မိုး၊ အုတ်ညှပ်၊ နှစ်ထပ်ဆောင်ဖြစ်ပါတယ်။ သံလွင်ဆောင်အပေါ်ထပ်မှာဆိုရင် အစည်းအဝေးခန်းမအဖြစ် အသုံးပြု၍ အောက်ထပ်တွင် စာသင်ခန်း(၈)ခန်း ပါ ပါတယ်။ ၎င်းကျောင်းဆောင်များဖြစ်တဲ့ ဧရာဆောင်၊ စစ်တောင်းဆောင်နှင့် သံလွင်ဆောင်များဟာ နှစ်ပေါင်း (၉၄)နှစ် (၆၄)နှစ်အထိ ကြာမြင့်ပြီဖြစ်သောကြောင့် ပျက်စီးယိုယွင်းနေခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point ပြသခွင့်ပြုပါရန် တောင်းပန်အပ်ပါတယ်။ ဤအဆောင်ကတော့ သံလွင်ဆောင်ရဲ့ အုတ်နံရံများ ဆွေးမြေ့ပျက်စီးနေခြင်း ဖြစ်ပါတယ်။ ဒါကတော့ သံလွင်ဆောင်ရဲ့ ရှေ့မျက်နှာစာ ဖြစ်ပါတယ်။ ဒီပုံကတော့ သံလွင်ဆောင်ရဲ့ ယာဘက်မျက်နှာပြင် ဖြစ်ပါတယ်။ ဒီပုံကတော့ သံလွင်ဆောင် ဝဲဘက်ဖြစ်ပါတယ်။ ပျက်စီးယိုယွင်းနေတဲ့ပုံပါ။ သံလွင်ဆောင်ရဲ့ နောက်ဘက်မျက်နှာ ဖြစ်ပါတယ်။ ဒါကတော့ သံလွင်ဆောင်ရဲ့ မျက်နှာကျက်တွေ ပျက်စီးနေတာ ဖြစ်ပါတယ်။ ဒါကတော့ သံလွင်ဆောင်ရဲ့ အုတ်တံခါးနဲ့ အုတ်နံရံများ ဆွေးမြေ့ပျက်စီးနေတဲ့အဆောင် ဖြစ်ပါတယ်။ အဲဒါကတော့ ထောင့်အုတ်တိုင်တွေ ကျိုးပြတ်ပျက်စီးနေတဲ့ပုံ ဖြစ်ပါတယ်။ အဲဒါကတော့ စစ်တောင်းဆောင် နောက်ကျောဘက်အမြင်က ဆွေးမြေ့နေတဲ့ ပုံတွေဖြစ်ပါတယ်။ အဲဒါကတော့ စစ်တောင်းဆောင် အနောက်ဘက်အမြင်၊ ဒါကတော့ စစ်တောင်းဆောင် ရှေ့မျက်နှာစာအမြင်၊ ဒါကတော့ စစ်တောင်းဆောင်ရဲ့ အရှေ့ဘက်မျက်နှာ၊ ဒါကတော့ ဧရာဆောင်ရဲ့ အရှေ့မျက်နှာစာ ဖြစ်ပါတယ်။ ဒါက ဧရာဆောင်ရဲ့ အရှေ့ဘက်မျက်နှာပြင် ဖြစ်ပါတယ်။ ဧရာဆောင်ရဲ့ နောက်ကျောဘက် ဖြစ်ပါတယ်။ အဲဒါကတော့ ဧရာဆောင်ရဲ့ အနောက်ဘက် မျက်နှာပြင် ဖြစ်ပါတယ်။ အဲဒါကတော့ ဧရာဆောင်ရဲ့ ပျက်စီးယိုယွင်းနေတဲ့ မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။ အဲဒါကတော့ ဧရာဆောင်ရဲ့ ပျက်စီးနေတဲ့ မှတ်တမ်းဓာတ်ပုံ ဖြစ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ဧရာဆောင်၊ စစ်တောင်းဆောင်၊ ပြီးခဲ့တဲ့ နှစ်ပေါင်း(၉၂)နှစ် ကြာပြီဖြစ်ပြီး သံလွင်ဆောင်မှာ နှစ်ပေါင်း (၆၄)နှစ် ကြာပြီ ဖြစ်ပါတယ်။ အချို့နေရာတွေမှာ အမိုးတွေ ယိုယွင်းပြီး မိုးယိုခြင်း၊ ဝရံတာများ ဆွေးမြေ့ပြုတ်ကျနေခြင်း၊ နံရံများ လှုပ်နေခြင်း၊ အုတ်နံရံများ ချောသားများကွာကျနေခြင်း၊ ဥပဓိရုပ် ဟောင်းနွမ်းနေခြင်း၊ ဆေးမှိန်ခြင်း၊ အုတ်တိုင်တွေမှာလည်း ကျိုးပဲ့၍

ကျောင်းသားဦးရေကလည်း (၁၇၀၀)ကျော်ခန့်ရှိ၍ စာသင်ခန်းတွေ မလုံလောက်တဲ့အတွက် သံလွင်ဆောင် အပေါ်ထပ်မှာလည်းပဲ စိန်ရတုခန်းမမှာ မြို့နယ်လုံးဆိုင်ရာ၊ ခရိုင်လုံးဆိုင်ရာ အခမ်းအနားတွေ မကြာခဏ ပြုလုပ်နေရတဲ့အတွက်ကြောင့် နှစ်ပေါင်း(၁၀၀)နီးပါး ကြာမြင့်ပြီဖြစ်တဲ့အတွက် ယခင်က တော့ အသေးစားပြင်ဆင်မှုရသော်လည်းပဲ ပြည့်စုံလုံလောက်မှု မရှိခဲ့ပါဘူး။ သို့ပါသောကြောင့် လိုအပ်တဲ့ သင့်တော်သောနေရာတွေမှာ အကြီးစားပြင်ဆင်မှုလုပ်မှသာ အန္တရာယ်ကျောင်းဆောင်အဖြစ် မကျ ရောက်မှာ ဖြစ်ပါတယ်။

သို့ပါသောကြောင့် မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ ဧရာဆောင်၊ စစ်တောင်းဆောင်၊ သံလွင်ဆောင်များတွင် အကြီးစား ပြင်ဆင် ရန်အတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ပြုပြင်တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သရက်မြို့ မကွေးတိုင်းဒေသကြီး သံလွင်ဆောင် တံခါးနှင့် အုတ်နံရံများ ဆွေးမြည့်ပျက်စီးနေပုံ၏ မြင်ကွင်းပုံ(၇)



စတင်ဆောက်လုပ်သည့်ခုနှစ် - ၁၉၅၄ ခုနှစ်(နှစ်ထပ်ဆောင်)
- အလျား(၁၅၀)ပေ × အနံ၆၀ပေ၊အမြင့်(၃၀)ပေ
- သွပ်မိုးအုတ်ညှပ်

စာသင်ခန်းအရေအတွက် - အပေါ်ထပ် (အစည်းအဝေးခန်းမ)၊အောက်ထပ် စာသင်ခန်း(၈)ခန်း

ကျောင်းဆောင်အမျိုးအစား - အုတ်ညှပ် နှစ်ထပ်ဆောင်

တည်နေရာ - ပြည်တော်အေးရပ်ကွက်၊သရက် - မင်းတုန်းလမ်း၊မြောက်ဘက်

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သရက်မြို့ မကွေးတိုင်းဒေသကြီး သံလွင်ဆောင် ဝဲဘက် မြင်ကွင်းပုံ(၈-၁)



| | |
|---|---|
| စတင်ဆောက်လုပ်သည့်ခုနှစ် | - ၁၉၅၄ ခုနှစ်(နှစ်ထပ်ဆောင်) |
| | - အလျား(၁၅၀)ပေ × အနံ၆၀ပေ၊အမြင့်(၃၀)ပေ |
| | - သွပ်မိုးအုတ်ညှပ် |
| စာသင်ခန်းအရေအတွက် | - အပေါ်ထပ် (အစည်းအဝေးခန်းမ)၊အောက်ထပ် စာသင်ခန်း(၈)ခန်း |
| ကျောင်းဆောင်အမျိုးအစား | - အုတ်ညှပ် နှစ်ထပ်ဆောင် |
| တည်နေရာ | - ပြည်တော်အေးရပ်ကွက်၊သရက် - မင်းတုန်းလမ်းမြောက်ဘက် |

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သရက်မြို့ မကွေးတိုင်းဒေသကြီး စစ်တောင်းဆောင် နောက်ကျောဘက် မြင်ကွင်းပုံ(၈-၂)



| | |
|---|---|
| စတင်ဆောက်လုပ်သည့်ခုနှစ် | - ၁၉၂၄ခုနှစ်၊ နှစ်ထပ်ဆောင် |
| | - အလျား(၁၄၈)ပေ၊ အနံ(၃၄)ပေ၊ အမြင့်(၃၆)ပေ |
| စာသင်ခန်းအရေအတွက် | - (၁၂)ခန်း |
| ကျောင်းဆောင်အမျိုးအစား | - RC(၂)ထပ် |
| တည်နေရာ | - ပြည်တော်အေးရပ်ကွက်၊ သရက်မင်းတုန်းလမ်း မြောက်ဘက် |

**မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံဒီဂရီကောလိပ်ကို တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။**　။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးအောင်မျိုးလတ်က မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံဒီဂရီကောလိပ်ကို တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးအောင်မျိုးလတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။**　။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်က မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ မြင်းခြံဒီဂရီကောလိပ်ကို တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးနိုင်ဖို့ အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံဒီဂရီကောလိပ်ကို ၂၀၀၃-၂၀၀၄ ပညာသင်နှစ်၊ ၁၁-၂-၂၀၀၄ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ စတင်ဖွင့်လှစ်တဲ့အချိန်မှာ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ(၁၀၆၀)ဦးနှင့် အဝေးသင်ကျောင်းသား၊ ကျောင်းသူ(၂၄၂၂)ဦးသာ ရှိခဲ့ပါတယ်။ ဒီ မြင်းခြံဒီဂရီကောလိပ်ရဲ့ ကျောင်းဧရိယာအကျယ်အဝန်းမှာ (၁၄၃.၂)ဧက ကျယ်ဝန်းပြီးတော့ ဒီ ကျောင်းဖွဲ့စည်းပုံအရ ခွင့်ပြုကျောင်းသားဦးရေဟာ (၅၀၀၀)ဦးခန့် ဖြစ်ပါတယ်။ အခုလက်ရှိ ကျွန်တော်တို့ ဒီ ၂၀၁၇-၂၀၁၈ တက္ကသိုလ်နေ့ ကျောင်းသားဦးရေမှာ (၆၃၁၈)ဦးရှိပြီးတော့ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဦးရေမှာ (၁၂၀၀၀)ဝန်းကျင်ခန့် ရှိသောကြောင့် ဒီကျောင်းဖွဲ့စည်းပုံထက် ကျောင်းသားဦးရေမှာ များပြားကျော်လွန်လျက်ရှိပါတယ်။

မြင်းခြံဒီဂရီကောလိပ်ရဲ့ ဆရာ၊ ဆရာမအင်အားမှာ (၁၈၄)ဦးခန့် ရှိပြီးတော့ စီမံခန့်ခွဲရေးဝန်ထမ်းအင်အားမှာ (၁၂၁)ဦးသာ ရှိတဲ့အတွက်ကြောင့် တက္ကသိုလ်အဆင့်သို့ တိုးမြှင့်မည်ဆိုလျှင် ဝန်ထမ်းအင်အား အနည်းငယ်သာ ဖြည့်ဆည်းရန်သာ လိုအပ်မည် ဖြစ်ပါတယ်။ ကျွန်တော်တို့ မြင်းခြံဒီဂရီကောလိပ်ကို တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများမှာ မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်၊ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ကျောက်ပန်းတောင်း၊ ငါန်းဇွန်၊ ညောင်ဦးမြို့နယ်များမှ ကျောင်းသား၊ ကျောင်းသူများ ဖြစ်ပါတယ်။ လက်ရှိ ဒီဂရီကောလိပ်တွင် အထူးပြုဘာသာရပ်(၈)ခုနှင့် သာမန်ဘာသာရပ်(၃)ခု သင်ကြားပေးလျက်ရှိပါတယ်။ မြင်းခြံဒီဂရီကောလိပ်ကို တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးနိုင်မည်ဆိုလျှင် ဒေသတွင်းမှ ကျောင်းသား၊ ကျောင်းသူများ ကုန်ကျစရိတ် နည်းပါးစွာဖြင့် ဘာသာရပ်များ စုံလင်စွာ သင်ကြားနိုင်မှာ ဖြစ်ပါတယ်။

ဒ့ါအပြင် အဆင့်မြင့်ပညာရပ်တွေဖြစ်တဲ့ ဒီ မဟာသိပ္ပံ၊ မဟာဝိဇ္ဇာ၊ ဘွဲ့လွန်သင်တန်းတွေကိုလည်း သင်ကြားပေးနိုင်မှာဖြစ်သလို သုတေသနလုပ်ငန်းများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလက်ရှိ မြင်းခြံဒီဂရီကောလိပ်အတွင်းမှာ ပင်မဆောင်၊ စာသင်ဆောင်များ၊ ကျောင်းသားများ စုဝေးခန်းမဆောင်၊ နားနေဆောင်များ၊ စာကြည့်တိုက်၊ မိုးလုံလေလုံအားကစားခန်းမ၊ ဘောလုံးအားကစားကွင်း၊ ဆရာ၊ ဆရာမ ဝန်ထမ်းအိမ်ရာ၊ ကျောင်းသူဆောင်(၂)ဆောင်နှင့် ထမင်းစားဆောင်များ စတဲ့အခြေခံအဆောက်အဦများလည်း ရှိနေပါတယ်။ ကျောင်းသား၊ ကျောင်းသူများအတွက် ဒီ တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးနိုင်မည်ဆိုလျှင် ရတနာပုံတက္ကသိုလ်သို့ သွားရောက်ဘွဲ့ယူနေရသော အခက်အခဲတွေ၊ ကုန်ကျစရိတ်တွေလည်း အများကြီးလျှော့ချပေးနိုင်မှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီ လက်ရှိ ပြုပြင်ပြောင်းလဲနေတဲ့ ပညာရေးလုပ်ငန်းများအရ တက္ကသိုလ်အဆင့်သို့ တိုးမြှင့်နိုင်မှသာလျှင် ဒေသတွင်းတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် အရည်အသွေးပြည့်ဝသော ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွန်းလာနိုင်မှာ ဖြစ်ပါတယ်။ ဒ့ါအပြင် နိုင်ငံတကာတက္ကသိုလ်များနှင့်ပါ ချိတ်ဆက်ဆောင်ရွက်နိုင်မယ့် အခွင့်အရေးများလည်း ဖြစ်ပေါ်လာနိုင်မှာဖြစ်တဲ့အတွက်ကြောင့် ဒီ သုတေသနနှင့် ပညာရေးအဆင့်အတန်းများ များစွာမြင့်မားလာနိုင်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒေသခံမိဘပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာများကိုယ်စား မြင်းခြံဒီဂရီ ကောလိပ်ကို တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် တိုးမြှင့်ပေးမည်ဆိုလျှင် မည်သည့်ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မွန်ပြည်နယ်၊ သထုံမြို့၊ ကွန်ပျူတာ တက္ကသိုလ်တွင် ကျောင်းသား၊ ကျောင်းသူများ လုံခြုံရေးအတွက် ကျောင်းဝင်မုခ်ဦးနှင့် ကျောင်းရှေ့ဘက်မျက်နှာစာအား ခြံစည်းရိုးကာရံပေးရန်နှင့် ကျောင်းသူများအတွက် ကျောင်းသူ(၃၀၀)ဆံ့ အဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွန်းက မွန်ပြည်နယ်၊ သထုံမြို့၊ ကွန်ပျူတာတက္ကသိုလ်တွင် ကျောင်းသား၊ ကျောင်းသူများ လုံခြုံရေးအတွက် ကျောင်းဝင်မုခ်ဦးနှင့် ကျောင်းရှေ့ဘက်မျက်နှာစာအား ခြံစည်းရိုး ကာရံပေးရန်နှင့် ကျောင်းသူများအတွက် ကျောင်းသူ(၃၀၀)ဆံ့ အဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဒေါက်တာဇော်လင်းထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ သထုံမြို့၊ ကွန်ပျူတာတက္ကသိုလ်တွင် ကျောင်းသား၊ ကျောင်းသူများ လုံခြုံရေးအတွက် ကျောင်းဝင်မုခ်ဦးနှင့် ကျောင်းရှေ့ဘက်မျက်နှာစာအား ခြံစည်းရိုးကာရံပေးရန်နှင့် ကျောင်းသူများအတွက် ကျောင်းသူ(၃၀၀)ဆံ့ အဆောက်အဦဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်တွင် နည်းပညာကောလိပ်တစ်ခုအနေဖြင့် အစိုးရကွန်ပျူတာကောလိပ်(မော်လမြိုင်)အား ၂၀၀၀ ပြည့်နှစ်တွင် အစိုးရစက်မှုလက်မှုအထက်တန်းကျောင်း မော်လမြိုင်၏ ပရဝုဏ်အတွင်း စတင်ဖွင့်လှစ်ခဲ့ပါတယ်။ တစ်နှစ်အကြာ ၂၀၀၁ ခုနှစ်တွင် ကျိုက်မရောမြို့နယ်၊ ညောင်ပင်ဆိပ်ကျေးရွာအုပ်စု၊ မော်လမြိုင်စက်မှုဇုံအနီးသို့ ပြောင်းရွှေ့ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်တွင် ကွန်ပျူတာတက္ကသိုလ်(မော်လမြိုင်)အဖြစ်သို့ တိုးမြှင့်သတ်မှတ်၍ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်သင်ကြားခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်တွင် ကွန်ပျူတာတက္ကသိုလ်(မော်လမြိုင်)အား မြို့နှင့် အလှမ်းကွာဝေးသော မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဂေါ့ကျေးရွာရှိ ဝန္နာမိတောင်ခြေသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ကွန်ပျူတာတက္ကသိုလ်(သထုံ)အဖြစ် ကွန်ပျူတာပညာရပ်များကို သင်ကြားပေးလျက်ရှိပါတယ်။

ကွန်ပျူတာတက္ကသိုလ်(သထုံ)သည် အကျယ်အဝန်းအားဖြင့် (၅၁.၄၃)ဧကရှိပြီး ပထမနှစ်မှ ပဥ္စမနှစ်အထိ မွန်ပြည်နယ် (၁၀)မြို့နယ်အတွင်းမှ ကျောင်းသား(၂၅၄)ဦး၊ ကျောင်းသူ(၄၀၃)ဦး၊ စုစုပေါင်း(၆၅၇)ဦး ပညာသင်ကြားပေးလျက်ရှိပါတယ်။ ၂၀၁၁ ခုနှစ်ကပင် ကျောင်း၏လိုအပ်ချက်များကို မိခင်ဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရသို့ နှစ်စဉ်တင်ပြခဲ့ပါတယ်။ ၎င်းလုပ်ငန်းများသည် ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်တွင် ပါဝင်ခဲ့သော်လည်း ဆောက်လုပ်ရေးလုပ်ငန်းများ တစ်နှစ်ရပ်ဆိုင်းခဲ့သဖြင့် ပယ်ဖျက်ခံခဲ့ရပါတယ်။ ကျောင်းဝင်မုခ်ဦးနှင့် ကျောင်းအရှေ့ဘက် မျက်နှာစာသည် ခြံစည်းရိုးမရှိခြင်းကြောင့် အမြင်မတင့်တယ်ခြင်း၊ မသက်ဆိုင်သူများ ဝင်/ထွက်မှုများရှိပြီး အုပ်စုဖွဲ့လာရောက် မှောင်ရိပ်ခိုခြင်း၊ ကျောင်းပိုင်ပစ္စည်းများနှင့် သစ်ပင်များအား ဝင်ရောက်ဖျက်ဆီးခြင်း၊ အရက်သေစာများ ဝိုင်းဖွဲ့၍ လာရောက်စားသောက်တတ်ခြင်း၊ ပင်မကျောင်းတော်ကြီးအခန်းများသို့ လှည့်လည်ဝင်ရောက်၍ မူးယစ်ဆေးဝါးများ သုံးစွဲခြင်းတို့ကို မကြာခဏကြုံတွေ့နေရပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျောင်းသား၊ ကျောင်းသူ(၂၀၀)ဆံ့(၁)ဆောင် တောင်းခံခဲ့သော်လည်း (၁၀၀)ဆံ့အဆောင်(၁)ဆောင်သာ ဆောက်လုပ်ပေးနိုင်ခဲ့ပါတယ်။ ကွန်ပျူတာတက္ကသိုလ်(သထုံ)အနေဖြင့် နှစ်စဉ် ကျောင်းသား၊ ကျောင်းသူ (၇၀၀)ခန့်ရှိမည်ဖြစ်ပြီး အဆောင်နေကျောင်းသူ(၃၀၀)အတွက် အဆောင်(၁)ဆောင် အထူးပင်လိုအပ်လျက်ရှိပါတယ်။ ကျောင်းသူများမှာ ကျောင်းရှေ့ရှိ ရပ်ကွက်အတွင်းအဆောင်များတွင် အဆင်ပြေသလိုနေထိုင်ကြရပြီး ဘဝလုံခြုံမှုမရှိခြင်း၊ အရွယ်မတိုင်ခင် အိမ်ထောင်များကျ၍ စာသင်ခန်းနှင့်ဝေးကွာနေခဲ့သည်ကိုလည်း မကြာခဏတွေ့ရှိရပါတယ်။ ယခင်အချိန်များက တက္ကသိုလ်ကျောင်းများကို မြို့တစ်မြို့တည်းတွင်သာ စုဝေးမထားသင့်သော မူအရ မွန်ပြည်နယ် နည်းပညာတက္ကသိုလ်အား (၁၀)နှစ်တွင် မြို့(၃)မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရပါတယ်။ ထို့ကြောင့် ကွန်ပျူတာတက္ကသိုလ်(သထုံ)သည် ယခုထက်တိုင် ရေ၊ မီးလိုအပ်ချက်များ၊ သင်ထောက်ကူ

ပစ္စည်း လိုအပ်ချက်များ၊ ပင်မကျောင်းဆောင်ကြီးအား ပြုပြင်မွမ်းမံရန် လိုအပ်ချက်များ၊ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများအတွက် အဆောက်အဦလိုအပ်ချက်များ ယနေ့တိုင်ရှိနေဆဲပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော် တည်ဆောက်ရေးတွင် လိုအပ်နေသော နိုင်ငံတကာအဆင့်မီ ကျွမ်းကျင် IT ပညာရှင်များ မွေးထုတ်ပေးနိုင်ရန် ဘက်စုံထူးချွန်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်လာစေရန်၊ ပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဆောင်ရွက်နိုင်ရန်၊ IT နည်းပညာများ အသုံးချ၍ မွန်ပြည်နယ် တိုးတက်ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ ဤမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ပညာရေးဝန်ကြီးဌာနအနေဖြင့် မူလတန်းကျောင်းအဖြစ် အဆင့်တိုးသတ်မှတ်ချက်များကို ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ က ပညာရေးဝန်ကြီးဌာနအနေဖြင့် မူလတန်းကျောင်းအဖြစ် အဆင့်တိုးသတ်မှတ်ချက်များကို ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ ဖြစ်ပါတယ်။ ဒီနေ့ မေးခွန်း မေးမြန်းရတဲ့အကြောင်းရင်းကို ကျွန်တော် အနည်းငယ် ရှင်းပြလိုပါတယ်။ ယနေ့ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျွန်တော်တို့ ကျောင်းနေအရွယ်ကလေးတွေ ကျောင်းအပ်နိုင်ရေး၊ ကျောင်းနေတဲ့ကလေးတွေ ကျောင်းမထွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ရည်ရွယ်ချက်ကောင်းတွေနဲ့ ပညာရေး ပြုပြင် ပြောင်းလဲမှုတွေ ဆောင်ရွက်ခဲ့တာ အားလုံးအသိဖြစ်ပါတယ်။ ထို့နည်းတူ ဒီ အခြေခံပညာကျောင်းများ အဆင့်တိုးသတ်မှတ်ချက်များမှာလည်း ယခင်က ကျောင်းသားအရေအတွက် ပြည့်မီမှ အဆင့်တိုးမြှင့် ပေးခဲ့သော်လည်း ယခုအခါမှာ ခရီးအကွာအဝေးနဲ့ အခြေအနေတွေအပေါ် မူတည်ပြီးတော့ တိုးမြှင့် ပေးခဲ့တာလည်း အားလုံးအသိ ဖြစ်ပါတယ်။

ဒါပေမဲ့ မူလတန်းကျောင်းအဖြစ် သတ်မှတ်ချက်မှာတော့ ကျွန်တော်တို့ အနည်းဆုံး မူလတန်း ကျောင်း(ခွဲ) ကျောင်းတစ်ကျောင်းဖြစ်ဖို့ရာ အနည်းဆုံးကျောင်းသား (၅၅)ယောက်ရှိတဲ့ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဖြစ်ရမယ်ဆိုတဲ့မူ ရှိပါတယ်။ နောက်တစ်ခုက ဆက်သွယ်ရေးခက်ခဲတဲ့ဒေသတွေမှာ ဆိုရင် (၂)မိုင်ဝေးရမယ်။ မြေပြန့်ဒေသတွေမှာဆိုရင် ပင်မကျောင်းနဲ့ (၃)မိုင်ဝေးရမယ်ဆိုတဲ့ ဒီအချက် တွေရှိပါတယ်။ ကျွန်တော်ပြင်ချင်တာက ဒီအချက်တွေကို အဓိကထားပြင်ချင်တာ ဖြစ်ပါတယ်။ ဒီ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းတစ်ခု ဖြစ်ဖို့ဆိုတာက တော်တော့်ကို မလွယ်ပါဘူး။ သတ်မှတ်ထားတဲ့

မြေအကျယ်အဝန်း ရှိရမယ်။ ကျောင်းဆောင်တွေ ဆောက်ရမယ်။ နောက် စာသင်ခုံတွေ၊ ပရိဘောဂတွေ ရှိရမယ်။ နောက် လစဉ် ဆရာ၊ ဆရာမများ ငှားရမ်းပြီးတော့ သင်ကြားရမှာ ဖြစ်ပါတယ်။

ဒီလို အခြေအနေမှာ ကျွန်တော်တို့ ဆင်းရဲတဲ့ ကျေးရွာတွေမှာ ဒီလို ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းတစ်ကျောင်းဖြစ်ဖို့ရာ အလွန်အင်မတန်မှ ခက်ခဲပါတယ်။ အများအားဖြင့် မြေနေရာ ရှိကြပေမယ့် ကျန်တဲ့ဝန်ဆောင်မှုတွေ မတတ်နိုင်လို့ ကိုယ့်အားကိုယ်ကိုးကျောင်းတွေ မတည်ဆောက်နိုင်ကြပါဘူး။ ကျွန်တော့်မဲဆန္ဒနယ်မှာ ဒီ ရွာတစ်ရွာမှာ မူလတန်းကျောင်းသားအရေအတွက် (၈၀)ယောက် လောက်ရှိပါတယ်။ ဒါပေမဲ့ ကိုယ့်အားကိုယ်ကိုးကျောင်း မတတ်နိုင်၊ မဆောက်နိုင်ကြတဲ့အတွက် အခြား (၂)မိုင်၊ (၃)မိုင်လောက်ဝေးတဲ့ ရွာတွေကိုသွားပြီး ကျောင်းတက်နေရတာ ဖြစ်ပါတယ်။ ဒီ KG ကျောင်းသားလေးတွေကစပြီးတော့ ဒီ မူလတန်းကျောင်းသားတွေဖြစ်တဲ့အတွက် မိဘတွေက လွန်စွာ ဝန်ထုပ်ဝန်ပိုးတွေ၊ အခက်အခဲတွေ များစွာဖြစ်ရပါတယ်။ ဒါကြောင့် နိုင်ငံတော်အနေနဲ့ အဆင့်တိုးသတ်မှတ်ချက်ကို မထားဘဲနဲ့ တကယ့်ကို လိုအပ်နေတဲ့ရွာတွေမှာ ဒေသလိုအပ်ချက်နဲ့အညီ နိုင်ငံတော်အစီအစဉ်နဲ့ ဖွင့်လှစ်ပေးတဲ့စနစ်ကို ထူထောင်ပေးခြင်းအားဖြင့် ကျွန်တော် စောစောကပြောတဲ့ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းအပ်နိုင်ရေး၊ ကျောင်းတက်နေတဲ့ကျောင်းသားတွေ ကျောင်းမထွက်ရေး၊ ဒီ အခြေခံပညာ လူတိုင်းတတ်မြောက်နိုင်ရေးဆိုတဲ့ ပညာရေးဝန်ကြီးဌာနရဲ့ ရည်ရွယ်ချက်တွေကို ပိုပြီးတော့ ပြီးပြည့်စုံမှာဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။

ဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းလိုတာက ပညာရေးဝန်ကြီးဌာနအနေဖြင့် ဒီ မူလတန်းကျောင်းအဆင့်တိုးသတ်မှတ်ချက်များကို ပြုပြင်ပြီးတော့ နိုင်ငံတော်အစီအစဉ်နဲ့ မူလတန်းကျောင်းများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**ဒေါက်တာမျိုးသိမ်းကြီး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများနှင့် ပတ်သက်ပြီးတော့မှ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီး က ပြန်လည်ရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

နံပါတ်(၁) မေးခွန်းအနေနဲ့ ချင်းပြည်နယ် အမှတ်(၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးငွန်ပော ၏ မေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းတည်ဆောက်ရေး BE ခွင့်ပြု

ရန်ပုံငွေရရှိရေးအတွက် လျာထားချက်စာရင်းများ ဆောင်ရွက်တဲ့အခါမှာ အသစ်တည်ဆောက်ရန် လိုအပ်တဲ့ အခြေခံပညာကျောင်းများကို အန္တရာယ်ရှိကျောင်းဆောင်များ၊ ကျောင်းသားဦးရေအရ တိုးချဲ့ရန် လိုအပ်တဲ့ကျောင်းဆောင်များ၊ စာကြည့်တိုက်များ၊ သိပ္ပံဆောင်များ၊ သဘာဝဘေးဒဏ်ကြောင့် နေရာပြောင်းရွှေ့ဆောက်လုပ်ရန် လိုအပ်သောကျောင်းများ စသဖြင့် လုပ်ငန်းများ ခွဲခြားပြီးတော့မှ မြို့နယ်အလိုက် ဦးစားပေးအဆင့်များ သတ်မှတ်ကာ ပြုစုဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်အတွက် အခြေခံပညာကျောင်းပေါင်း (၁၀)ကျောင်းကို မြို့နယ်ဦးစားပေးအစီအစဉ်ဖြင့် ထည့်သွင်းလျာထားဆောင်ရွက်ထားပါတယ်။

ဟားခါးမြို့နယ်မှ ကျောင်းအမည်နှင့် အဆင့်အမှန်ဖြစ်သော ဟိုင်ရွှန်းကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းမှ အန္တရာယ်ရှိကျောင်းဆောင် (၇၅ x ၂၀)ပေ သွပ်မိုး၊ ပျဉ်ကာ တစ်ထပ်ဆောင် (၁)ဆောင်၊ (၄၅ x ၁၅)ပေ သွပ်မိုး၊ ပျဉ်ကာ တစ်ထပ်ဆောင်(၁)ဆောင် စုစုပေါင်း ကျောင်းဆောင် (၂)ဆောင်ရှိခဲ့ပြီး လက်ရှိအခြေအနေမှာ အဆိုပါ ကျောင်းဆောင်(၂)ဆောင်ကို ဆက်ထားသည့်အတွက် L ပုံစံ ကျောင်းဆောင်အနေအထားဖြစ်ပြီးတော့မှ အန္တရာယ်ရှိကျောင်းဆောင် အဖြစ် တွေ့ရှိရပါတယ်။ ကျောင်းသား၊ ကျောင်းသူဦးရေမှာ မူလတန်းအဆင့်မှာ (၃၃)ဦး၊ အလယ်တန်းအဆင့်မှာ (၄)ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ မူလတန်း၊ အလယ်တန်းကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၃၇)ဦး ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးကလည်းပဲ ဒါ Power Point မှာ တင်ပြသွားတဲ့အတိုင်းပဲ ကျောင်းဆောင်တွေဟာဆိုလို့ရှိရင် ဒါ အန္တရာယ်ရှိကျောင်းဆောင် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ချင်းပြည်နယ်၊ ဟားခါးမြို့နယ် ဟိုင်ရွှန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှာ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း(၃၇)ဦးပဲရှိတဲ့အတွက် (၆၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးဖို့လို့အတွက် လိုအပ်တဲ့ ခွင့်ပြုဘဏ္ဍာရေးရန်ပုံငွေ ရရှိဖို့လို့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ စက်တင်ဘာလအထိ ဘဏ္ဍာရေးနှစ်ကာလမှ ငွေလုံးငွေရင်းတည်ဆောက်ရေး ခွင့်ပြုရန်ပုံငွေ ရရှိဖို့လို့အတွက် လျာထားချက်စာရင်းမှာ မြို့နယ်ဦးစားပေး အစီအစဉ်အရ ထည့်သွင်းလျာထားပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန်းသန်းအေး ၏ မေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။ သရက်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် အဆောင်သစ်(၁)ဆောင် (၁၂၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် (၁)ဆောင်၊ ရွှေထီးဆောင် (၃၇ x ၂၂)ပေ သွပ်မိုး၊ ထရံကာ တစ်ထပ်ဆောင် (၁)ဆောင်၊ မလိခဆောင် (သိပ္ပံခန်း) (၇၂ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် (၁)ဆောင်၊ မေခဆောင် (ကွန်ပျူတာခန်း) (၄၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်(၁)ဆောင်၊ စာကြည့်တိုက်ဆောင် (၄၅ x ၂၇)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်(၁)ဆောင်၊ အားကစားရုံ (၆၀ x ၃၀)ပေ (၁)ဆောင်၊ ရေဘဆောင် (၂၃၆ x ၃၄)ပေ အုတ်ကြွပ်မိုး၊ အုတ်ညှပ် နှစ်ထပ်ဆောင်(၁)ဆောင်၊ စစ်တောင်းဆောင် (၁၄၈ x ၃၄)ပေ အုတ်ကြွပ်မိုး၊ အုတ်ညှပ် နှစ်ထပ်ဆောင်

(၁)ဆောင်၊ သံလွင်ဆောင် (၁၅၀ x ၆၀)ပေ သွပ်မိုး၊ အုတ်ညှပ် နှစ်ထပ်ဆောင်(၁)ဆောင်၊ သလ္လာဝတီဆောင် (၁၂၀ x ၅၆)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်(၁)ဆောင်၊ ဒုဋ္ဌဝတီဆောင် (၆၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်(၁)ဆောင်၊ အတ္ထရံဆောင် (၉၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် (၁)ဆောင်နှင့် အဆောင်သစ်နှင့် (၁၂၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်(၁)ဆောင်၊ စုစုပေါင်းကျောင်းဆောင် (၁၃)ဆောင် ရှိပါတယ်။

ဒါတွေကတော့ ကျွန်တော်တို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ သရက်မြို့ရဲ့ ကျောင်းဆောင်ပုံတွေဖြစ်ပါတယ်။ (၁၂၀)ပေ ဒါ ရွှေလီဆောင်ဖြစ်ပါတယ်။ ဒါ မလိခဆောင် သိပ္ပံခန်း ဆောင်ဖြစ်ပါတယ်။ မေခဆောင် ကွန်ပျူတာခန်းဆောင်ဖြစ်ပါတယ်။ စာကြည့်တိုက် ဆောင်ဖြစ်ပါတယ်။ အားကစားရုံဖြစ်ပါတယ်။ ဒါကတော့ ဧရာဆောင်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒါ နှစ်ပေါင်း(၉၂)နှစ်ကြာတဲ့ အတွက်ကြောင့်မို့လို့ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းပဲ အန္တရာယ်ရှိ ကျောင်းဆောင်အဖြစ် ပြင်ဆင်ဖို့လို့အတွက် လိုအပ်နေတဲ့ကျောင်းဆောင်ဖြစ်ပါတယ်။ စစ်တောင်းဆောင် ဖြစ်ပါတယ်။ သံလွင်ဆောင်ဖြစ်ပါတယ်။ ဒါကတော့ သလ္လာဝတီဆောင် (၁၂၀ x ၅၆)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်အသစ် ဖြစ်ပါတယ်။ ဒါ ဒုဋ္ဌဝတီဆောင်ဖြစ်ပါတယ်။ အတ္ထရံဆောင် ဖြစ်ပါတယ်။ ဒါက အဆောင်သစ် (၁၂၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ မကွေးတိုင်းဒေသကြီး သရက်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မှာရှိတဲ့ ဧရာဆောင်၊ စစ်တောင်းဆောင် (၂)ဆောင်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ စက်တင်ဘာလအထိ ဘဏ္ဍာရေးခွင့်ပြုရန်ပုံငွေ ရရှိဖို့လို့အတွက် သာမန်အသုံးစရိတ်ဖြင့် အကြီးစား ပြင်ဆင်ရန်အတွက် စိစစ်ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ သံလွင်ဆောင်အစား (၁၂၀ x ၃၀)ပေ Steel Structure နှစ်ထပ်ကျောင်းဆောင် (၁)ဆောင်ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း တည်ဆောက်ရေး ခွင့်ပြုရန်ပုံငွေ လျာထားချက်စာရင်းများ ဆောင်ရွက်ချိန်မှာ မြို့နယ်ဦးစားပေး အစီအစဉ်ဖြင့် တန်းစီဇယားအရ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ် ပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်မျိုးလတ် ၏ မေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်း တင်ပြသွားမှာဖြစ် ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ ဒီ မြင်းခြံ ဒီဂရီကောလိပ်ကို မြင်းခြံမြို့နယ်၊ တောင်သာမြို့နယ်၊ နွားထိုးကြီးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ငါန်းဇွန်မြို့နယ်နှင့် ညောင်ဦး မြို့နယ်မှ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ယူနိုင်အောင်လို့ စီစဉ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြင်းခြံ ဒီဂရီကောလိပ်မှာ ဘာသာရပ်(၉)ခုအတွက် ဘွဲ့ကြိုတန်း၊ ဂုဏ်ထူးတန်းနှင့် မဟာအရည်အချင်းစစ်တန်းစတဲ့ နေ့သင်တန်းများသို့ တက်ရောက်နေကြတဲ့ ကျောင်းသား၊ ကျောင်းသူ (၆၃၁၆)ဦး ရှိပါတယ်။ အဝေးသင်ပညာရေးမှာတော့ ကျောင်းသား၊ ကျောင်းသူ(၂၈၂၁)ဦး ဆိုတာကတော့ ၂၀၁၈ ခုနှစ်၊ မတ်လရဲ့ ကျွန်တော်တို့ ဒါ ကျောင်းသားအင်အားစာရင်းဖြစ်ပါတယ်။ မတ်လရဲ့ ကျောင်းသားအင်အားစာရင်းဖြစ်တဲ့အတွက် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် အောင်မြင်တဲ့

ကျောင်းသား၊ ကျောင်းသူတွေဟာ ဒီကျောင်းဝင်ခွင့်အတွက် စီစဉ်ဆောင်ရွက်ဆဲဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ဦးရေထက်တော့ ကျွန်တော်တို့ အဲဒီအချိန်က နည်းတာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အဲဒီ မတ်လရဲ့ ကျောင်းသားအင်အားစာရင်းအရ နေ့သင်တန်းနဲ့ အဝေးသင် သင်တန်းတက်ရောက်နေတဲ့ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၉၁၃၇)ဦးရှိပါတယ်။ ပုံမှန်ကတော့ ကျွန်တော်တို့ (၁၈၀၀၀) ဝန်းကျင်ရှိပါတယ်။ ပါမောက္ခ (၈)ဦးရှိပါတယ်။ ဘာသာရပ် ကျွန်တော်တို့ (၁၂)ခုမှာ ဘွဲ့ပေးတဲ့ဘာသာရပ်ကတော့ (၉)ခုပဲရှိပါတယ်။ တွဲဖက်ပါမောက္ခ (၁၅)ဦးရှိပါတယ်။ ကထိက (၈၉)ဦးရှိပါတယ်။ လက်ထောက်ကထိက (၂၆)ဦးရှိပါတယ်။ နည်းပြ၊ သရုပ်ပြ (၄၅)ဦး၊ စုစုပေါင်း ဆရာ၊ ဆရာမ (၁၈၃)ဦးကနေပြီးတော့မှ ကျောင်းသား၊ ကျောင်းသူတွေကို သင်ကြားပို့ချပေးလျက်ရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ မြင်းခြံ ဒီဂရီကောလိပ်ရဲ့ ကျွန်တော်တို့ ဒါ Master Plan ပုံကို ကျွန်တော်တို့ Google Map ကနေပြီးတော့မှ ယူထားတဲ့အတွက်ကြောင့်မို့လို့ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြခဲ့တဲ့အတိုင်း မြေဧရိယာလည်းပဲ လုံလုံလောက်လောက်ရှိပြီးတော့ စာသင်ဆောင်တွေလည်းပဲ ကျွန်တော်တို့ ဒါ ရှိတယ်ဆိုတာလေးကို တင်ပြအပ်ပါတယ်။

တက္ကသိုလ်အဆင့် တိုးမြှင့်မယ်ဆိုလို့ရှိရင် ဘွဲ့ကြိုတန်းတွေ၊ ဂုဏ်ထူးတန်းတွေနဲ့ မဟာ အရည်အချင်းစစ်သင်တန်းများအပြင် ဒီပလိုမာတန်းတွေ မဟာဘွဲ့သင်တန်းတွေပါ သင်ကြားပို့ချပေးနိုင်မှာဖြစ်တဲ့အတွက် ဒေသတွင်းမှာရှိတဲ့ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ သင်ယူခွင့် အခွင့်အလမ်း ပိုမိုရရှိလာမှာဖြစ်ပါတယ်။ သတ်မှတ်မြို့နယ်များမှ ကျောင်းသား၊ ကျောင်းသူများ လွယ်ကူစွာ ပညာသင်ကြားသင်ယူခွင့် ရရှိနိုင်မှာဖြစ်တဲ့အတွက် မြင်းခြံ ဒီဂရီကောလိပ်အား တက္ကသိုလ်အဆင့်သို့ တိုးမြှင့်သင့်သော်လည်းပဲ တက်ရောက်နေတဲ့ ကျောင်းသား၊ ကျောင်းသူ အရေအတွက်အပေါ် မူတည်ပြီးတော့မှ ထပ်မံလိုအပ်မယ့် စာသင်ဆောင်တွေ ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင်တွေ၊ သင်ကြားရေး ဆရာ၊ ဆရာမတွေ ဝန်ထမ်းအင်အားကိုတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

အဲဒီလိုပဲ တက္ကသိုလ် အဆင့်တိုးမြှင့်ဖို့လို့အတွက် လိုအပ်တဲ့ခွင့်ပြုဘဏ္ဍာငွေနဲ့ ဆရာ၊ ဆရာမ ခန့်ထားနိုင်ဖို့၊ တက္ကသိုလ်အဆင့်သို့ တိုးမြှင့်နိုင်ဖို့လို့အတွက်ကို ပညာရေးဝန်ကြီးဌာနအနေနဲ့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ဖို့လို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက် အတည်ပြုချက် ရရှိရေးကိုတော့ ဆက်လက်တင်ပြ ဆောင်ရွက်သွားရမှာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး မေးတဲ့ ဘယ်နှစ်မှာ ဖွင့်ပေးနိုင်မလဲဆိုတာ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်ရရှိနိုင်ရေးအတွက်ကိုတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အလေးအနက်ထားပြီးတော့မှ ကြိုးစားပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ပေးသွားမယ်လို့ လေးစားစွာ ကျွန်တော်တို့ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်တို့ ဒီ မွန်ပြည်နယ် အမှတ်(၉)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွန်း ၏ မေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနအနေနဲ့ ကွန်ပျူတာတက္ကသိုလ်(သထုံ) အပါအဝင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ အားလုံးမှာ ဒေသတွင်းလိုအပ်တဲ့ လူ့စွမ်းအား

အရင်းအမြစ်များနဲ့ ကျွမ်းကျင်ပညာရှင်များ စနစ်တကျ သင်ကြား၊ သင်ယူ၊ လေ့ကျင့်၊ ပြုစုပျိုးထောင် ပေးနိုင်ဖို့လို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာမှာ ကျောင်းအင်္ဂါရပ်နဲ့အညီ လိုအပ်တဲ့ သင်ယူမှု ဝန်းကျင်ကောင်းဖြစ်ဖို့လို့အတွက် လိုအပ်တဲ့စာသင်ဆောင်တွေ၊ သင်ထောက်ကူပစ္စည်းတွေ၊ ဘွဲ့နှင်းသဘင် ခန်းမတွေ၊ ကျောင်းသား၊ ကျောင်းသူတွေရဲ့ အိပ်ဆောင်တွေ၊ အလုပ်ရုံတွေ ပြီးရင် ဆရာ၊ ဆရာမတွေ၊ ဝန်ထမ်းတွေရဲ့ အိမ်ရာတွေ၊ အားကစားကွင်းတွေ၊ ခြံစည်းရိုးတွေကို ကျွန်တော်တို့ အဓိက လိုအပ်ချက်တွေကို ဘဏ္ဍာငွေခွင့်ပြုချက်အပေါ်မှာ မူတည်ပြီးတော့မှ ဦးစားပေး အစီအစဉ်နဲ့ ကျွန်တော်တို့ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါကတော့ ကွန်ပျူတာတက္ကသိုလ်(သထုံ) Google Map ရဲ့ပုံ ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ဒါ ခြံစည်းရိုးကာရံဖို့လို့အတွက်ကို စီစဉ်ဆောင်ရွက်လျက် ရှိနေပါပြီ။ ဒါကတော့ ကွန်ပျူတာတက္ကသိုလ် အဝင်လမ်းရဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ခြံစည်းရိုးကာရံမယ့်နေရာ ဖြစ်ပါတယ်။ ဒီဟာကလည်းပဲ ကျောင်းသား၊ ကျောင်းသူ(၃၀၀)ဆံ့ လိုအပ်တယ်လို့ တွေ့ရှိရသော်လည်းပဲ ကျွန်တော်တို့ အနေနဲ့ ကျန်တဲ့ တက္ကသိုလ်၊ ဒီဂရီကောလိပ်တွေ (၁၃၀)စလုံးအတွက်ကို စာသင်ဆောင်တွေပြီးရင် ကျောင်းသား၊ ကျောင်းသူတွေရဲ့ အိပ်ဆောင်တွေ၊ ဝန်ထမ်းအိမ်ရာတွေ အားကစားရုံတွေ၊ အားကစား ကွင်းတွေ၊ ခန်းမတွေ ဖြည့်ဆည်းဆောင်ရွက်ပေးရတာဖြစ်တဲ့အတွက် ကျောင်းသူအိပ်ဆောင်ကိုတော့ (၁၀၀)ဆံ့ပဲ ကျွန်တော်တို့ လောလောဆယ် လျာထားပြီး ဆောင်ရွက်နေပါတယ်။ ဆရာ၊ ဆရာမ အဆောင်ကိုလည်းပဲ ဒီ ဆောက်လုပ်မယ့်နေရာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကွန်ပျူတာတက္ကသိုလ်(သထုံ)ရဲ့ ကျောင်းအဝင်မုခ်ဦး၊ ကျောင်းရှေ့ မျက်နှာ ဘက်ခြမ်း ခြံစည်းရိုးခတ်ခြင်း ပေ(၁၀၀၀) RC သံပန်း Steel Blade အဝင်တံခါး အပါအဝင် ကျောင်းသား၊ ကျောင်းသူ (၁၀၀)ဦးဆံ့ အိပ်ဆောင် (၂၀၀ x ၃၅)ပေ RC နှစ်ထပ် ရေ၊ မီး အပါအဝင် ကျွန်တော်တို့ ထမင်းစားဆောင်လည်း (၆၀ x ၃၀)ပေ တစ်ထပ်(၂)လုံးပြီးရင် အဆောင်အဝင်လမ်း (၂၀၀ x ၁၂ x ၈)ပေလည်း ပါ ပါတယ်။ ပြီးရင် ပြင်ပရေ(၄)လက်မ အဝီစိတွင်း ဂါလံ(၁၂၀၀၀)ဆံ့ မြေအောက်ရေလှောင်ကန်၊ ပြီးရင် ကျွန်တော်တို့ (5.5)HP ရှိတဲ့ Submersibile Pump နဲ့ အဆောက်အဦ ပြင်ပလျှပ်စစ်မီး သွယ်တန်းဖို့လို့ အပါအဝင် ကျွန်တော်တို့ ဒါ တည်ဆောက်ရေးလုပ်ငန်းတွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ စက်တင်ဘာလ Sorry။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ(၆)လ ဘတ်ဂျက်ရဲ့ ခွင့်ပြုရန်ပုံငွေနဲ့ ဆောင်ရွက်ပေးဖို့လို့အတွက်ကို ကျွန်တော်တို့ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ်မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေ ၏ မေးခွန်းနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံဖို့လို့ အတွက် မည်သည့်ခွဲခြားမှုမျှမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မချန်ထားဘဲနဲ့ ကျောင်းထွက်သူ မရှိရေးအတွက် ပြုစုပျိုးထောင်ဖို့ ကျွန်တော်တို့ ဒါရှိပါတယ်။ ပြီးရင် ကျောင်းသား၊ ကျောင်းသူတွေ အားလုံးကိုလည်းပဲ လူသားကောင်းတွေဖြစ်လာအောင်၊ ပူးပေါင်းဆောင်ရွက်တတ်တဲ့ ဒီအသင်းအဖွဲ့ စိတ်ဓာတ်တွေ ကောင်းလာအောင်၊ ပြီးရင် တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်ဖို့လို့အတွက် တာဝန်ခံ၊

တာဝန်ယူပြီး ဆောင်ရွက်တတ်ဖို့လို့ ပြီးရင် ကျွန်တော်တို့ ဟုတ်လား။ ယှဉ်ပြိုင်နိုင်တဲ့ ကျောင်းသား၊ ကျောင်းသူတွေ ဖြစ်ဖို့လို့အတွက် ကျွန်တော်တို့ ဆန်းသစ်တီထွင်နိုင်စွမ်းရှိတဲ့ ကျောင်းသား၊ ကျောင်းသူတွေဖြစ်အောင် အတတ်နိုင်ဆုံး ဒါ အားလုံးနဲ့ ပူးပေါင်းပြီးတော့မှ ပြုစုပျိုးထောင် သင်ကြား၊ သင်ယူလေ့ကျင့်ပေးလျက်ရှိပါတယ်။

အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပြီးခဲ့တဲ့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာတော့ အခြေခံပညာကျောင်းပေါင်း(၅၀၉၉)ကျောင်း ကျောင်းအဆင့်တိုးမြှင့်ခြင်းဆိုင်ရာ သတ်မှတ်မှုတွေနဲ့အညီ အဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ အဲလို အဆင့်တိုးပေးခဲ့တဲ့အခါမှာတော့ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြခဲ့တဲ့အတိုင်းပဲ ကျောင်းသားဦးရေ သတ်မှတ်ချက် သို့မဟုတ် မြေပြန့်ဒေသဆိုလို့ရှိရင်တော့ သွားရေး၊ လာရေးလွယ်ကူတဲ့အတွက်ကြောင့်မို့လို့ (၃)မိုင်၊ သွားရေး၊ လာရေးခက်ခဲတဲ့ တောင်ပေါ်ဒေသတွေနဲ့ မြစ်၊ ချောင်းပေါများတဲ့ဒေသတွေဆိုရင်တော့ ကျွန်တော်တို့ ဒါ (၂)မိုင်ဆိုပြီးတော့ ဒါကို အထက်တန်းကျောင်း(ခွဲ)အဆင့်အထိ ကျွန်တော်တို့ ဒီမူနဲ့ ဆောင်ရွက်ပါတယ်။ အထက်တန်းအဆင့်ကျောင်းတွေကိုတော့ (၁၀)မိုင်ဆိုပြီးတော့ ဒါမျိုးတွေကို ကျွန်တော်တို့ ဆောင်ရွက်ပေးပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြခဲ့တဲ့အတိုင်းပဲ ကျွန်တော်တို့ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းတွေကိုတော့ မူလတန်းကျောင်း(ခွဲ) ဖြစ်ဖို့လို့အတွက် ကျောင်းသား၊ ကျောင်းသူ(၅၅)ဦး ကျွန်တော်တို့ ဒါ ရှိပြီးတော့မှ ဒီ ခုနတုန်းက ကျောင်းသားဦးရေ သို့မဟုတ် သွားရေး၊ လာရေးခက်ခဲတာ၊ မြေပြန့်ဒေသ ဆိုတဲ့ ခရီးအကွာအဝေးမိုင်တွေနဲ့ သတ်မှတ်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ပေးခဲ့ပါတယ်။

တချို့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဒါ တစ်ရွာမှာပေါ့။ ဒီလိုမျိုး ကျွန်တော်တို့ ကျောင်းသားဦးရေ ပြည့်မီတိုင်းသာ ကိုယ့်အားကိုယ်ကိုးကျောင်းလေးတွေကို မူလတန်းကျောင်း(ခွဲ)လေးတွေကို ဆောင်ရွက်ပေးဖို့ဆိုရင်တော့ တချို့ကျေးရွာတွေဟာ ကျေးရွာအုပ်စုအကြီးကြီးတွေ ဖြစ်ပါတယ်။ လူဦးရေထောင်ချီတဲ့ ကျေးရွာကြီးတွေဖြစ်တဲ့အတွက် ဒီကျေးရွာတွေမှာတော့ ဒါ တစ်ကျောင်းဆိုလို့ရှိရင် ကျွန်တော်တို့က ဒါဟာ သူ့ရဲကျေးရွာရဲ့ တည်နေရာအရ ဒါဆိုလို့ရှိရင် ကျွန်တော်တို့ ဒါ ကျောင်းသည် လုံလောက်ပါပြီ။ သို့သော် ဒီလို လူဦးရေများတဲ့ကျေးရွာ တွေမှာဆိုလို့ရှိရင်တော့ ဒီလိုမျိုး သတ်မှတ်တဲ့ ဦးရေသည် (၅၅)ဦးပြည့်မီတိုင်းသာ ကျောင်း(ခွဲ)လေးတွေ၊ ကိုယ့်အားကိုယ်ကိုးကျောင်းလေးတွေသာ လုပ်မယ်ဆိုရင် ဒီလို ကျေးရွာအုပ်စုကြီးတွေမှာလည်းပဲ နောက်ထပ်ကျောင်းလေးတွေ၊ သူ့ဟာသူ ဖွင့်လာနိုင်တဲ့အခြေအနေလေးတွေ ရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့တစ်တွေရဲ့အနေနဲ့ကတော့ ကျေးရွာတွေ တစ်ရွာတိုင်းမှာ၊ တစ်ရွာတိုင်းမှာတော့ ကျောင်းလေးတွေရှိမယ်။ မူလတန်းကျောင်းလေးတွေ ရှိတဲ့အတွက်ကြောင့်မို့လို့ ခုနတုန်းက မူလတန်း(လွန်)ကျောင်းအထိ အလယ်တန်းအဆင့် ပညာသင်ယူခွင့်ရှိမယ်။ အလယ်တန်းကျောင်း(ခွဲ)အဖြစ်နဲ့ အလယ်တန်းပညာ သင်ယူခွင့်ရှိပြီးတော့မှ ခုနတုန်းက သွားရေး၊ လာရေးလွယ်ကူတဲ့ မြေပြန့်ဒေသမှာ(၃)မိုင်ပါ။ သူသည် ဟုတ်လား။ ကလေးသည် အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ဖြစ်တဲ့အတွက် (၂)မိုင်၊ (၃)မိုင်ကိုတော့ သူဟာ သွားရောက်ပြီးတော့ ပညာသင်ယူနိုင်တဲ့ အခွင့်အလမ်းမျိုးလေးတွေနဲ့ ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ဒါသည် အဆင်ပြေပါတယ်။

သို့သော် ဒီကျောင်းသားဦးရေနဲ့ ဒီသတ်မှတ်မိုင်လေးတွေသည် ဒါလေးတွေကိုတော့ သူ့ရဲ့တည်နေရာနဲ့၊ ကျေးရွာအုပ်စုတွေရဲ့တည်နေရာ သူ့ရဲ့ကျောင်းတွေရဲ့ အကွာအဝေးအပေါ်မှာ မူတည်ပြီးတော့ ဒါလေးတွေကိုတော့ သေချာစိစစ် ဆောင်ရွက်သင့်တယ်လို့ ကျွန်တော်တို့တစ်တွေရဲ့အနေနဲ့ ဒီအတိုင်းပဲ မြင်ပါတယ်။ ဒီလိုလည်းပဲ ကျွန်တော်တို့ တချို့ကျေးရွာလေးတွေမှာဆိုလို့ရှိရင် တစ်ရွာတည်းမှာကို ဒါ အရှေ့ဘက်ပိုင်းမှာလည်းပဲ ကျွန်တော်တို့ ကျောင်းလေး ရှိနေတယ်။ အနောက်ဘက်ပိုင်းမှာလည်း ကျောင်းလေး ရှိနေတယ်။ ဒီကျောင်း(၂)ကျောင်း ရှိနေတာကို ကျွန်တော်တို့က ပေါင်းလို့လည်းမရ၊ တစ်ကျောင်းကို ပိတ်လို့လည်းမရတဲ့ ကျောင်းမျိုးလေးတွေလည်း ရှိနေပါတယ်။ တချို့မှာလည်း တောင်ဘက်ပိုင်းမှာလည်း ရှိတယ်။ မြောက်ဘက်ပိုင်းမှာလည်း ရှိတယ်။ ဒီလို ရွာလေးတွေလည်း ရှိနေတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့တစ်တွေအနေနဲ့ကတော့ ကျေးရွာတစ်ရွာတိုင်းမှာတော့ ဒါ ခုနတုန်းက သူ့ရဲ့သွားရေး၊ လာရေးလွယ်ကူတာနဲ့ သွားရေး၊ လာရေးခက်ခဲတဲ့ပေါ်မှာ မူတည်ပြီးတော့ တစ်ရွာမှာ (၁)ကျောင်းတော့ရှိမယ်။ သူသည် ခုနတုန်းက အလယ်တန်းအဆင့်မှာလည်း ပညာသင်ယူနိုင်အောင် မူလတန်း(လွန်)ကျောင်းတို့၊ အလယ်တန်းကျောင်း(ခွဲ)တို့ ဒါမျိုးလေးတွေရှိပြီးတော့ ဆက်လက်ပြီးတော့မှ အထက်တန်းအဆင့်ကိုလည်းပဲ ပညာသင်ယူနိုင်ဖို့လို့အတွက် ရှိမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့တစ်တွေအနေနဲ့ ဒါလေးတွေ သေချာလေး စိစစ်ဆောင်ရွက်သွားလို့ရတဲ့ အခြေအနေမှာ ရှိပါကြောင်းနဲ့ ဒီလိုမျိုး ဆောင်ရွက်ပေးနိုင်ဖို့လို့အတွက်ကိုတော့ ပညာရေးဝန်ကြီးဌာန အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ၊ မိဘတွေ၊ အုပ်ထိန်းသူတွေ၊ ပြည်သူတွေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေနဲ့ ဒါလေးကိုတော့ ပူးပေါင်းပြီးတော့မှ သေချာစိစစ်ပြီး ဆောင်ရွက်သွားမယ်ဆိုလို့ရှိရင်တော့ ဒီလို ဆောင်ရွက်တဲ့လုပ်ငန်းလေးဟာဆိုလို့ရှိရင် ပိုပြီးတော့ ကျောင်းအဆင့်တိုးနဲ့၊ ကျောင်းအဆင့်သတ်မှတ်ချက် ဆောင်ရွက်တဲ့အခါမှာ ပိုပြီးတော့ ထိထိရောက်ရောက်နဲ့၊ ပွင့်လင်းမြင်သာစွာနဲ့ ကျွန်တော်တို့ ဒါ လိုအပ်ချက်အပေါ်မှာ ပိုမိုပြီးတော့ ဖြည့်ဆည်းဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ်

ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးလားလ်မင်းထန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သ

အပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၈ - ၂၀၉

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်

၁။ ပြည်သူ့လွှတ်တော်က မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းကို ၇-၃-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နဲ့ ၂၃-၃-၂၀၁၈ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းကို လေ့လာစိစစ်ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များသည် သင့်လျော်ညီညွတ်မှုရှိပါသဖြင့် ပြည်သူ့လွှတ်တော်က အတည်ပြုသည့်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။

### ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါသောကြောင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်းအပေါ် ထပ်မံပြင်ဆင်ဖြည့်စွက်ရန် မရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းသာ အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၈-၅-၂၀၁၈ (သောကြာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင် ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် တတိယနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၀း၅၁ နာရီအချိန်တွင် ရပ်နားပါသည်။]